### ရှာဖွေတွေ့ရှိခြင်း
### လမ်းညွှန် (၂၄)

# လူသည်သေသောအခါဘာဖြစ်သွားသနည်း

ကလေးငယ်တို့သည် ကျွန်ုပ်တို့အားသေရခြင်းဆိုသည်မှာအဘယ်နည်းဟုမေးလျှင် တုန်လှုပ်ချောက်ချားသွားသည်။ ကျွန်ုပ်တို့ချစ်ခင်ရင်းနှီးသောသူသေခါနီးဖြစ်နေလျှင်ပြောလို့မရ၊ စဉ်းစားလို့မရလောက်အောင်ဖြစ်နေပါသည်။ သေခြင်းသည် နေရာတကာတွင်လူအားလုံးတို့၏ရန်သူဖြစ်သည်။ ဤခက်ခဲသောသေခြင်းအကြောင်းနှင့်ပတ်သက်၍ မေးလျှင် အဖြေကို မည်ကဲ့သို့ပေးမည်နည်း။ သေခြင်း၏တစ်ဖက်တွင်အသက်ရှင်ခြင်းရှိပါသေးသလား။ သေဆုံးခဲ့သောချစ်ခင်ရင်းနှီး သူများကိုတစ်ဖန်ပြန်လည်တွေ့ဆုံပါမည်လား။

## ၁။ သေခြင်းနှင့်ရင်ဆိုင်ရန်မကြောက်ရွံ့ခြင်း

ကျွန်ုပ်တို့၏အသက်တာတစ်ချိန်တစ်ခါတွင် ချစ်ခင်ရင်းနှီးသောမိတ်ဆွေသားချင်းဆုံးသွားသောအခါ ကျွန်ုပ်တို့၏ ရင်ခေါင်းတွင်ဟာနေသကဲ့သို့လည်းကောင်း၊ အထီးတည်းနေရသကဲ့သို့လည်းကောင်း တွေ့ရှိခံစားရပါသည်။ ထိုအချိန် အခါ၌အရေးကြီးကြောင်းနှင့်လည်းကောင်း၊ စိတ်ဆန္ဒဖောပြင်းပြခြင်းဖြင့်လည်းကောင်း သေခြင်းတရားအကြောင်းအမှန် ကိုရရှိလေ့လာလိုသောဆန္ဒဖြစ်ပေါ်လာသည်။ လောကတွင်ခရစ်တော်၏လုပ်ငန်းအချို့တစ်ဝက်မှာ သေခြင်းအကြောင်း နှင့်ပတ်သက်သောကြောက်ရွံ့တုန်လှုပ်ခြင်းများကိုဖြေရှင်းပေးရန်ဖြစ်သည် (ဟေဗြဲ ၂း၁၅)။ ကျမ်းစာတွင်နှစ်သိမ့်သော သတင်းစကားနှင့်မျှော်လင့်ခြင်းပေးသောစိတ်သဘောကို သေခြင်းအကြောင်းနှင့်ပတ်သက်၍ပြောပြရာ၌ သေခြင်း၏ တစ်ဖက်တွင်အသက်ရှင်ကြောင်း၊ အသက်ရှင်နိုင်ကြောင်းကတိပေးခဲ့ပါသည်။

## ၂။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုမည်ကဲ့သို့ဖန်ဆင်းခဲ့ကြောင်း

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမည်ကဲ့သို့ဖန်ဆင်းခဲ့ကြောင်း ကျမ်းစာမှသေခြင်းတရားအကြောင်းနှင့်ပတ်သက် သောတရားအကြောင်းကိုနားလည်နိုင်သည်။ ထို့ကြောင့် ကမ္ဘာဦးကဘုရားသခင်သည် ကျွန်ုပ်တို့ကိုမည်ကဲ့သို့ဖန်ဆင်း ခဲ့ပါသနည်း။ “ထို့နောက် ထာဝရဘုရားသခင်သည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင် လူသည်အသက်ရှင်သောသတ္တဝါဖြစ်လေ၏” (ကမ္ဘာ ၇း၂)။

အစအဦး၌ ဘုရားသခင်သည် အာဒံကိုမြေမှုန့်မှဖန်ဆင်းတော်မူသည်။ လူသည် ဦးနှောက်ရှိ၍ စဉ်းစားရန်အဆင် သင့်ရှိသည်။ သွေးသည် လူတစ်ကိုယ်လုံး၌လည်ပတ်ရန်အဆင်သင့်ရှိသည်။ ထို့နောက် ဘုရားသခင်သည် နှာခေါင်းမှ ဇီဝအသက်ကိုမှုတ်သွင်းခဲ့သောကြောင့် အာဒံသည်အသက်ရှင်သောလူဖြစ်လာသည်။ (ဟေဗြဲဘာသာ “အသက်ရှင်သော ဝိညာဉ်”)။ အထူးသတိပြုရန်တစ်ခုမှာ ကျမ်းစာကအာဒံသည် ဝိညာဉ်ရရှိသွားသည်ဟုမဖော်ပြပါ။ ဖော်ပြသည့်စကားမှာ

အသက်ရှင်သောသတ္တဝါဖြစ်လာသည်။ ဘုရားသခင်သည် အာဒံ၏နှာခေါင်းထဲသို့ ဇီဝအသက်မှုတ်သွင်းသောအခါ ဘုရားသခင်၌ရှိသောအသက်သည် အာဒံထဲသို့ပူးဝင်စွဲကပ်သွားသည်။ ထိုပေါင်းဖော်ခြင်းတည်းဟူသော ဘုရားသခင်၏ အသက်နှင့်လူ၏ကိုယ်ခန္ဓာကြီးသည် စည်းလုံးစေ့စပ်သွားသောအခါ အာဒံသည်အသက်ရှင်သောလူ (သို့တည်းမဟုတ်) အသက်ရှင်သောဝိညာဉ်ရရှိလေသည်။ လူကိုဖန်ဆင်းသောပုံသေနည်းမှာ "မြေကြီးမှမြေမှုန့် + ဇီဝအသက် = အသက်ရှင်သောဝိညာဉ်။ အသက်မရှိသောကိုယ်ကာယ + ဘုရားသခင်၏ဇီဝအသက် = အသက်ရှိသောလူသား"။

ကျွန်ုပ်တို့တစ်ဦးစီတို့သည် ကိုယ်ကာယရှိသည်။ ဆင်ခြင်သုံးသပ်တတ်သောစိတ်ရှိသည်။ သို့ရာတွင် အသက်ရှိသောသူသာဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေကိုအသက်ရှင်၍လှုပ်ရှားတတ်သောသူဟုလည်းတွင်၏။

## ၃။ လူသည်သေသောအခါဘာဖြစ်သွားသနည်း

သေခြင်းတရားဆိုသည်မှာ (ကမ္ဘာ ၂း၇) တွင်ဖော်ပြထားသည့်အတိုင်းဆန့်ကျင်ဘက်ဖြစ်သည်။ "ထိုကာလ၌ မြေမှုန့်သည်နေရင်းမြေသို့လည်းကောင်း၊ ဝိညာဉ်သည်အရင်ပေးတော်မူသောဘုရားသခင်ထံသို့လည်းကောင်း ပြန်သွားရလိမ့်မည်" (ဒေ၊ ၁၂း၇)။ ကျမ်းစာဖော်ပြထားသောဟေဗြဲဘာသာ၏စကားမှာ အသက်နှင့်ဝိညာဉ်သည် ဆင်တူယိုးမှားဖြစ်၍ ကျမ်းစာတွင်အပြန်အလှန်အသုံးပြုထားသည်။ လူသည်သေသောအခါ သူ၏ကိုယ်သည်မြေမှုန့်ဖြစ်သွားသည်။ ဝိညာဉ် (အသက်) မူကား ဘုရားသခင်ထံသို့ပြန်သွားသည်။ ထိုအသက်သည် ဘုရားသခင်ထံမှလာသောကြောင့် ဘုရားသခင်ထံသို့ပြန်သွားသည်။ သို့ရာတွင် ကိုယ်ကာယကြီးသည်ဘာဖြစ်သွားသနည်း။ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား ငါအသက်ရှင်သည်အတိုင်း နောက်တစ်ဖန်ဣသရေလပြည်၌ ထိုစကားပုံကိုသုံးရသောအကြောင်းမရှိရ။ ဝိညာဉ်အပေါင်းတို့ကိုငါပိုင်၏။ အဖ၏ဝိညာဉ်ကိုငါပိုင်သကဲ့သို့ သားတော်၏ဝိညာဉ်လည်းငါပိုင်၏။ ပစ်မှားသောဝိညာဉ်သည် အသက်သေရမည်" (ယေဇကျေလ ၁၈း၃၊ ၄)။

ဝိညာဉ်သေသည်။ ထိုဝိညာဉ်သည်ထာဝရအသက်မရသေးပါ။ ထိုဝိညာဉ်သည်ပျက်စီးနိုင်သည်။ (ကမ္ဘာ ၂း၇) တွင်ဖော်ပြသောသင်္ချာညီမျှခြင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်းရာ၌ အသက်ရှင်သည့်အနေအထားကို ပြောင်းပြန်ပြုလုပ်ခဲ့သော် သေခြင်းတရားဝင်လာသည်။ သင်္ချာ၏ညီမျှခြင်းမှာ–

(မြေကြီး၏မြေမှုန့်) – (ဇီဝအသက်) = (အသက်သေခြင်း)

အသက်မရှိသောကိုယ်ကာယ – ဘုရားသခင်ထံမှအသက် = လူသေ

သေခြင်းသည် အသက်ရှင်ခြင်းမှရပ်ဆိုင်းခြင်းဖြစ်သည်။ ကိုယ်ကာယကြီးသည်ယိုယွင်းပျက်စီး၍ မြေမှုန့်ဖြစ်သွားသည်။ အသက် (သို့မဟုတ်) ဝိညာဉ်သည်ဘုရားသခင်ထံသို့ပြန်သွားသည်။ အသက်ရှိနေစဉ်အသက်ရှင်သောသတ္တဝါဖြစ်သည်။ သေသောအချိန်၌အလောင်းသာဖြစ်တော့သည်။ သေသောသူသည် သတိတရားမရှိပါ။ ဘုရားသခင်သည်လူထံမှဇီဝအသက်ကိုပြန်၍ယူလျှင် လူသည်သေသည်။ ဤသင်ခန်းစာ၏နောက်ပိုင်းတွင် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည်မျှော်လင့်ခြင်းရှိကြောင်းပြောပြထားသည်။

## ၄။ သေသောသူသည်မည်မျှအသိတရားရှိသနည်း

သေလျှင်လူ၏ဦးနှောက်သည်ပျက်စီးသွား၍ အသိတရားနှင့်အသိတရားတို့သည် လုံးဝမရှိတော့ပါ။ ခံစားခြင်း၊ ကြောင့်ကြခြင်းလုံးဝမရှိတော့ပါ။ "သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်ပျက်၏။ နေအောက်မှာပြုသမျှသောအမှု၌ သူတစ်ပါးနှင့်ရောနှော၍မဆိုင်ရ" (ဒေ၊ ၉း၆)။

အသေကောင်သည်အသိတရားမရှိပါ။ သူတို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်သမျှသောအမှုအားလုံးတို့ကိုမသိပါ။ သူတို့သည်အသက်ရှင်သောလူသားများနှင့်လုံးဝအဆက်အသွယ်မရှိတော့ပါ။ "အသက်ရှင်သောသူသည် မိမိသေရမည်

ကိုသိ၏။ သေသောသူမူကား အဘယ်အရာကိုမျှမသိ။ အကျိုးအပြစ်ကိုလည်းမခံရ။ သူ့ကိုလည်းမေ့လျော့တတ်ကြ၏” (ဒေ၊ ၉း၅)။ သေခြင်းသည်အိပ်မက်ခန်းပမာ အိပ်ခြင်းသာဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာတော်မြတ်က သေခြင်းကိုအိပ်ခြင်းဟု ၅၄ ကြိမ်တိတိဖေါ်ပြထားသည်။ ခရစ်တော်၏သွန်သင်ခြင်းတွင် သေခြင်းသည် အိပ်ခြင်းဖြစ်ကြောင်းပြောပြခဲ့သည်။ သူ၏တမန်တော်တို့အားပြောပြထားခဲ့သည်မှာ– “ငါတို့အဆွေလာဇရုသည် အိပ်ပျော်၏။ သူ့ကိုနှိုးခြင်းအလို့ငှါ ငါသွားမည်ဟုမိန့်တော်မူ၏။ တပည့်တော်တို့ကလည်း သခင်၊ သူသည်အိပ်ပျော်လျှင်သက်သာရလိမ့်မည်ဟုလျှောက်ကြ၏။ ယေရှုက လာဇရုသေကြောင်းကိုရည်မှတ်၍ မိန့်တော်မူသော်လည်း ပကတိအိပ်ပျော်ကြောင်းကိုမိန့်တော်မူသည်ဟု တပည့်တော်တို့သည်ထင်မှတ်ကြ၏။ ထို့ကြောင့် ယေရှုက လာဇရုသေပြီ။ သင်တို့သည် ယုံကြည်မည်အကြောင်း ထိုအရပ်၌ငါမရှိသည်ကိုထောက်၍ သင်တို့အတွက်ငါဝမ်းမြောက်ခြင်းရှိ၏။ သူ့ဆီသို့ယခုသွားကြကုန်အံ့ဟု အတိအလင်းမိန့်တော်မူ၏” (ယောဟန် ၁၁း၁၁–၁၅)။

လာဇရုသေသည်မှာလေးရက်ကြာခဲ့ပြီ။ ထိုနေ့၌ပင် ခရစ်တော်ရောက်လာသည်။ ခရစ်တော်သည် သင်္ချိုင်းသို့သွား၍ လာဇရုကိုနှိုးရန်လွယ်သကဲ့သို့ကျွန်ုပ်တို့သည်လည်း အိပ်ပျော်သောသူကိုနှိုးရန်လွယ်လေသည်။ ကျွန်ုပ်တို့၏ချစ်ခင်ရင်းနှီးသောသူတို့သည် ခရစ်တော်၌ငြိမ်သက်စွာအိပ်စက်နားနေကြောင်းကိုသိရသောအခါ နှစ်သိမ့်ခြင်းကြီးစွာရရှိသည်။ ခရစ်တော်၌အိပ်ပျော်ခြင်းဆိုသည်မှာ ငြိမ်သက်စွာခရစ်တော်၌နားနေကြောင်းကိုပြသည်။ သေခြင်း၏အကြောင်းတရားကို တစ်နေ့ကျွန်ုပ်တို့သည်ရင်ဆိုင်ရသောအခါ ငြိမ်သက်သာယာသောအိပ်ခြင်းကဲ့သို့ဖြစ်မည်ဟု ယုံမှားသံသယရှိစရာမလိုပါ။

## ၅။ သေခြင်း၌အိပ်ပျော်သောသူများကို ဘုရားသခင်မေ့ပျောက်လိုက်ပြီလား

သေခြင်းတရား၏အိပ်ခြင်းသည် နိဂုံးမဟုတ်ပါ။ သင်္ချိုင်းနားတွင် မာသအား ခရစ်တော်က “ယေရှုကလည်း ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်” (ယောဟန် ၁၁း၂၅)။ သေသောသူတို့သည် သင်္ချိုင်းတွင်း၌ခရစ်တော်နှင့်အိပ်ပျော်နေသည်။ ထိုသူများအတွက်မြောက်မြားစွာသောအလားအလာရှိသည်။ ကျွန်ုပ်တို့၏ဦးခေါင်း၌ရှိသောဆံပင်အချောင်းရေတွက်နိုင်သောအရှင်သည် ကျွန်ုပ်တို့တစ်ဦးစီတို့အား မိမိလက်ဝါးပေါ်၌ ထိန်းသိမ်းထားနိုင်သောအရှင်သည် ကျွန်ုပ်တို့အားမမေ့ပါ။ ကျွန်ုပ်တို့သည်သေ၍ မြေမှုန့်ကိုပြန်သွားသော်လည်း ဘုရားသခင်၌ရှိသောမှတ်တမ်းတွင် တစ်ဦးစီတို့၏အသက်တာသည် ပြတ်သားထင်ရှားစွာပေါ်ပေါက်လျက်ရှိသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ လာဇရုအား ခရစ်တော်သည် ထမြောက်ရှင်ပြန်စေသကဲ့သို့ သေသောသန့်ရှင်းသူတို့ကိုလည်း ထမြောက်ရှင်ပြန်စေမည်။ “ညီအစ်ကိုတို့၊ မျှော်လင့်ခြင်းမရှိသောအခြားသူတို့သည်ဝမ်းနည်းသကဲ့သို့ သင်တို့သည်ဝမ်းမနည်းမည့်အကြောင်း၊ အိပ်ပျော်သောသူတို့၏အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ။ ဘုရားသခင်သည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါအသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှါ ထိုသူတို့နှင့်အတူ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် ဘုရားသခင်နှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက် သက်သာစေကြလော့” (၁သက် ၄း၁၃၊ ၁၆–၁၈)။

ထမြောက်သောနေ့၌ သေခြင်းတရားသည်တစ်ခဏသာအိပ်ခြင်းဟုသိမြင်ရမည်။ သေသောသူသည် အချိန်ကိုမသိလိုက်ပါ။ ခရစ်တော်ကိုလက်ခံ၍ အိပ်ပျော်နှင့်သောသူတို့သည် ထူးဆန်းသောခရစ်တော်နှင့်ကောင်းကင်တမန်မင်းအသံပေးခြင်းကိုကြားရသောအခါ ထမြောက်ရှင်ပြန်လာမည်။ ထမြောက်ခြင်း၏နောက်ဆက်တွဲများနှင့် ကောင်းကင်ရှိဘုရားသခင်ပေးမည့်အိမ်တော်၊ ဝမ်းနည်းကြေကွဲခြင်းပပျောက်သည်။ သေခြင်းသော်လည်းကောင်း၊ နာခြင်းသော်လည်းကောင်း၊ မျက်ရည်ကျခြင်းသော်လည်းကောင်း မခံစားရတော့ပါ (ဗျာ၊ ၂၁း၄)။ ဘုရားသခင်ကိုချစ်သောသူသည်

သေခြင်းကိုမကြောက်ရတော့ပါ။ ထိုသေခြင်းတစ်ဖက်၌လည်း ထာဝရအသက်နှင့်ပြည့်စုံခြင်းအသက်တာရရှိမည်ဖြစ်သည်။ ခရစ်တော်သည် သေခြင်း၏သော့ကိုကိုင်ထားသည် (ဗျာ၊ ၁း၁၈)။ ခရစ်တော်မရှိလျှင် သေခြင်းတရားသည် တစ်ဖက်သွားလမ်းသာဖြစ်မည်။ အဆုံးတွင် ထာဝရပျောက်ဆုံးခြင်းနှင့် (သို့တည်းမဟုတ်) ခရစ်တော်ရှိလျှင် ထာဝရအသက်နှင့်တောက်ပသောမျှော်လင့်ခြင်းရရှိမည်။

## ၆။ ကျွန်ုပ်တို့ယခုထာဝရအသက်ရပြီလား

ဘုရားသခင်သည် အာဒံနှင့်ဧဝကိုဖန်ဆင်းသောအခါ သေခြင်းတရားအောက်၌ထားရှိသည်။ သူတို့သည် ဘုရားသခင်၏တရားတော်ကိုလည်းကောင်း၊ ပညတ်တော်ကိုလည်းကောင်း စောင့်ရှောက်လျှင် ဘယ်သောအခါမျှသေမည်မဟုတ်ပါ။ သို့ရာတွင် အပြစ်လုပ်သောအခါ သူတို့၏အခွင့်အရေးဖြစ်သောအသက်ကို သေခြင်းဖြင့်လဲလှယ်ခဲ့ပါသည်။ နာခံထောင်ခြင်းမရှိသောကြောင့် သေခြင်းတရားဝင်လာသည်။ သူတို့၏အပြစ်သည် ရောဂါဆိုးကဲ့သို့လူမျိုးအားလုံးတို့အားပူးဝင်စွဲကပ်လာသည်။ လူသည်အပြစ်ကိုလုပ်သောကြောင့် သေခြင်းတရားအောက်၌ရှိခြင်းဖြစ်သည် (ရောမ ၅း၁၂)။ ကျမ်းစာတွင်လူသည်သေသောအခါ သူ၏ကိုယ်ကာယတစ်စိတ်တစ်ပိုင်းတို့သည် အသက်ရှင်လျက်နေကြောင်း မည်သည့်အခါမကမျှကိုးကား၍မဖော်ပြခဲ့ပါ။ လူ၏ဇီဝအသက်သည် ကျမ်းစာကဘယ်သောအခါကမျှ ထာဝရအသက်ရှင်ကြောင်း၊ သေခြင်းလက်အောက်တွင်မရှိကြောင်းကိုမဖော်ပြခဲ့ပါ။ ဟေဗြဲဘာသာနှင့်ဟေလသဘာသာတို့မှ (အသက်)၊ (ဝိညာဉ်) နှင့် (ဇီဝအသက်) ကျမ်းစာတွင်အကြိမ်ပေါင်း ၁၇၀၀ ခန့်ဖော်ပြထားပါသည်။ ထိုစကားအသုံးအနှုန်းတစ်ခုခုကိုမျှ ထာဝရအသက်ရှိကြောင်းမဖော်ပြထားပါ။ ဘုရားသခင်တစ်ဦးတည်းသာလျှင် ကျမ်းစာ၌ထာဝရအသက်ရှိကြောင်း ဖော်ပြထားသည် (၁တိ ၆း၁၅၊ ၁၆)။

ကျမ်းစာတွင်ရှင်းလင်းပြတ်သားစွာ လူ၏မျက်မှောက်အသက်တာတွင် ထာဝရအသက်မရှိကြောင်း၊ သေနိုင်ကြောင်းကိုဖော်ပြထားသည်။ သို့ရာတွင် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ကျွန်ုပ်တို့၏ကိုယ်ကာယသည်အောက်ခြေသိမ်းပြောင်းလဲ၍ ထာဝရအသက်နှင့်ကိုယ်ရရှိမည်။ “နက်နဲသောအရာတစ်ခုကိုငါပြဦးမည်။ ငါတို့ရှိသမျှသည်အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသောတံပိုးမှုတ်သောအခါ တစ်ခဏချင်းတွင်မျက်စိတစ်မှိတ်၌ငါတို့ရှိသမျှသည်ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ဝင်စားရမည်” (၁ကော ၁၅း၅၁–၅၃)။ ကျွန်ုပ်တို့သည် လူသားများအနေဖြင့် ယခုထာဝရအသက်မရှိပါ။ သို့ရာတွင် ခရစ်တော်၏ကတိမှာ သူကြွလာသောအခါ သေခြင်းမှထာဝရအသက်ဖြင့်ထမြောက်ရှင်ပြန်ရမည့်အကြောင်းဖော်ပြခဲ့သည့်အကြောင်းကို နက်နဲသောအရာတစ်ခုဟုသတ်မှတ်ထားသည်။ သို့ရာတွင် ကတိတော်အရ၊ ထာဝရအသက်ကိုခရစ်တော်သည် သန့်ရှင်းသောလူတိုင်းအားပေးသနားတော်မူမည်။ “ထိုသခင်သည် သေခြင်းအကြောင်းကိုဖယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့် မဖေါက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့်ထင်ရှားစေတော်မူပြီ” (၂တိ ၁း၁၀)။ လူ၏ကံကြမ္မာသည် ဘုရားသခင်၏အမြင်တွင်ရှင်းလင်းပြတ်သားလျက်ရှိသည်။ ခရစ်တော်ကိုငြင်းဆန်သောသူတို့သည် ထာဝရသေခြင်းသို့လည်းကောင်း၊ ထာဝရအသက်တည်းဟူသောဆုကျေးဇူးသည် ခရစ်တော်ကိုလက်ခံသောသူတို့အားလည်းကောင်း အကျိုးအပြစ်ဆပ်ပေးမည်ဖြစ်သည်။

## ၇။ ချစ်ခင်သောသူ၏သေခြင်းကိုရင်ဆိုင်ရခြင်း

ချစ်ခင်သောသူသည် သေဆုံးခဲ့သောအခါ သေခြင်းနှင့်ရင်ဆိုင်ရခြင်းသည် ကြောက်ရွံ့ခြင်းနှင့်ပြည့်လျက်ရှိပါသည်။ အထီးတည်းစိတ်ထားနှင့်ဆုံးရှုံးခဲ့သောတမ်းတမှုများသည် ချိုးနှိမ်ရန်မလွယ်လှပါ။ ထိုကဲ့သို့ပြဿနာများကို

ဖြေရှင်းနှစ်သိမ့်ရန် ခရစ်တော်ကသာလျှင်ပေးနိုင်သည်။ အထူးသတိရရန်လိုသည်မှာ ချစ်ခင်သောသူသည် အိပ်ပျော်နေကြောင်း၊ ခရစ်တော်ကိုကိုးစားသောသူတို့သည် တစ်နေ့ထာဝရအသက်နှင့်ထမြောက်ရှင်ပြန်မည်ဖြစ်ကြောင်းသိရခြင်းဖြစ်သည်။ ထာဝရဘုရားသခင်သည် တစ်နေ့ပြန်လည်တွေ့ကြုံဆုံစည်းနိုင်ရန် အချိန်ကိုပြင်ဆင်ထားကြောင်းနှင့် ချစ်ခင်သူများနှင့်တွေ့ဆုံရမည်ဖြစ်ကြောင်း၊ လင်မယားတို့သည်လည်း တစ်ဦးလက်အတွင်းတစ်ဦးဖက်ယမ်းမည်ဖြစ်ကြောင်း၊ ဤရက်စက်ကြမ်းကြုတ်သောခွဲခွါခြင်းသည် အဆုံးသတ်မည်ဖြစ်ကြောင်း "သေခြင်းသည်အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့်စုံလိမ့်မည်" (၁ကော ၁၅:၅၄)။

အချို့သောသူတို့သည် မိမိချစ်ခင်သောသူတို့နှင့်ခွဲခွါရသောကြောင့် နာကြည်းသောစိတ်ပေါ်ပေါက်ကာ စိုးရိမ်ခြင်းကြီးစွာဖြင့်သေဆုံးခဲ့သူ၏အဖြစ်အပျက်အခြေအနေကိုသိလိုသောကြောင့် နတ်ကတော်တို့အားမေးမြန်းစုံစမ်းကြပါသည်။ သို့ရာတွင် ကျမ်းစာကခံစားရသောနာကြည်းလှသည့်ခွဲခွါမှုကိုမပြုလုပ်ရန် သတိပေးနှိုးဆော်ထားသည်။ "တိုးတိုးပြော၍မန်းမှုတ်တတ်သောနတ်ဝင်သည်နှင့်စုန်းတို့၌ဆည်းကပ်ကြလော့ဟု သင်တို့အားဆိုလျှင်မူကား လူတို့သည် မိမိတို့ဘုရားသခင်၌မဆည်းကပ်အပ်သလော။ အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ဆည်းကပ်အပ်သလော" (ဟေရှာယ ၈:၁၉)။

ကျမ်းစာ၏ဖော်ပြချက်အရ၊ လူသေတို့သည်သတိတရားနှင့်အသိတရားမရှိကြောင်း တိကျသေချာစွာဖော်ပြထားသည်။ ဤပြဿနာကိုပြေလည်စွာဖြေရှင်းနိုင်ရန် ခရစ်တော်၏နှစ်သိမ့်ခြင်းနှင့် ကတိတော်ကိုသိရှိနားလည်ရန်လိုအပ်ပါသည်။ ခရစ်တော်ကိုကိုးစားခြင်းသည် ဝမ်းနည်းခြင်းကိုအောင်နိုင်ကြောင်းနှင့် အောင်မြင်မည်ဖြစ်ကြောင်း ကျမ်းချက်များတွင်မှတ်တမ်းအများတင်ထားပါသည်။ ယုံကြည်သူများအမြဲသတိပြုရမည့်အချက်မှာ တစ်နေ့ခရစ်တော်နှင့် ကောင်းကင်တမန်များတို့၏အသံကိုကြားရသောအခါ ဒုတိယကြွလာခြင်းဟုခေါ်သော သေသောသန့်ရှင်းသူများတို့၏ထမြောက်ခြင်းသာဖြစ်မည်။

## ၈။ သေခြင်းကိုမကြောက်ဘဲရင်ဆိုင်ရန်

သေခြင်းသည် ကျွန်ုပ်တို့အားနည်းမျိုးစုံဖြင့်လှည့်စားခဲ့ပါသည်။ သို့သော်လည်း သေခြင်းမလှည့်စားနိုင်သောအရာတစ်ခုမှာ ခရစ်တော်ကိုယုံကြည်ကိုးစားခြင်းသာဖြစ်သည်။ ခရစ်တော်သာလျှင် ဝမ်းနည်းကြေကွဲနေသောစိတ်ကိုနေသားတကျနှင့်နေရာတကျပြန်လည်ထားပေးနိုင်သည်။ ခရစ်တော်၏အထူးကတိပေးထားချက်တစ်ခုမှာ– သေခြင်းသည် ဤလောကမြေကြီးပေါ်တွင်အမြဲစိုးမိုးခြင်းမရှိနိုင်ပါ။ စာတန်၊ လူဆိုးများ၊ သေခြင်းတရားနှင့်သင်္ချိုင်းများတို့သည် တစ်နေ့အားလုံးမီးအိုင်ထဲသို့ပစ်ချခြင်းခံရမည်။ ထိုသေခြင်းသည် ဒုတိယသေခြင်းဖြစ်၏ (ဗျာ၊ ၂၀:၁၄)။ မကြောက်ရွံ့ဘဲ သေခြင်းကိုရင်ဆိုင်နိုင်ရန် အသိတရားလေးပါးကိုမှတ်ထားစေလိုသည်။

(၁) ခရစ်တော်၌ယုံကြည်ကိုးစားမှုနှင့် မျှော်လင့်ခြင်းကိုစိတ်ထဲ၌တိကျသေချာစွာထားရှိပါ။ ထိုကဲ့သို့မျှော်လင့်ခြင်းစိတ်ထားများတို့သည် သေခြင်းကိုကြောက်ရွံ့ခြင်းမရှိဘဲ ရင်ဆိုင်နိုင်သည်။

(၂) သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးခွန်အားဖြင့် ခရစ်တော်၏ပညတ်တော်ကိုကျင့်စောင့်ခြင်းသည် ဒုတိယအကြိမ်ထမြောက်ခြင်းကိုယုံကြည်သိရှိ၍ သေခြင်းကိုရင်ဆိုင်နိုင်သည်။

(၃) သေခြင်းသည် ခဏတာအိပ်ပျော်ခြင်းဖြစ်ကြောင်းကိုယုံကြည်၍ ခရစ်တော်၏အသံကိုကြားရသောအခါ အသက်ရှင်ပြန်မည်ကိုသိ၍ သေခြင်းကိုရင်ဆိုင်နိုင်သည်။

(၄) ဘုရားသခင်ပေးသောကတိတော်ဖြစ်သည့် ကောင်းကင်ရွှေပြည်ကိုအမွေခံရမည်ဖြစ်ကြောင်းကိုသိ၍ သေခြင်းကိုမကြောက်ဘဲရင်ဆိုင်နိုင်သည်။

ကျမ်းစာမှဖြောင့်မတ်ခြင်းတရားတို့သည် သေခြင်း၏ကြောက်ရွံ့ခြင်းသဘောကိုပျောက်ကင်းစေသည်။ ခရစ်တော်သည်သေခြင်းကိုအောင်မြင်ခဲ့သောကြောင့် သင်သည်လည်း ခရစ်တော်ကိုယုံကြည်လျှင် ငြိမ်သက်ခြင်းချမ်းသာကိုရရှိပါမည်။ "ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏။ လောကသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" (ယောဟန် ၁၄:၂၇)။

ခရစ်တော်သည်လည်း ချစ်သူတို့နှင့်ခွဲခွါရသောခံစားမှုကိုခံနိုင်ရန် တန်ခိုးပေးသည်။ ခရစ်တော်သည် အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့လျှောက်လှမ်းခဲ့ပါသည်။ ကျွန်ုပ်တို့သည် ချစ်သူတို့နှင့်ခွဲခွါရသောနာကြည်းမှုကို ခရစ်တော်ကသာလျှင် နှစ်သိမ့်ချမ်းသာမှုကိုပေးနိုင်ပါသည်။ "ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော စာတန်နတ်ဆိုး၏တန်ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှါလည်းကောင်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံးကျွန်ခံရသောသူတို့ကိုကယ်လွှတ်ခြင်းငှါလည်းကောင်း ထိုသူငယ်တို့၏နည်းတူ အသွေးအသားကိုဆောင်တော်မူ၏" (ဟေဗြဲ ၂:၁၄၊ ၁၅)။

ဆရာဝန်ကြီးဆင်မဆင်သည် ထုံဆေးကိုရှာဖွေတွေ့ရှိခဲ့ပါသည်။ သို့ရာတွင် သူ၏ကလေးအကြီးဆုံးသည် သေဆုံးသောအခါ အင်မတန်မှပင်ဝမ်းနည်းကြေကွဲခဲ့ပါသည်။ သို့ရာတွင် သူသည် မျှော်လင့်ခြင်းကြီးစွာထားရှိခဲ့သောကြောင့် သေခြင်းကိုရင်ဆိုင်နိုင်ခဲ့၍ သူ၏ကလေးမှတ်တိုင်ပေါ်တွင် အောက်ပါကျမ်းစကားကိုရေးခဲ့ပါသည်။ "သို့ရာတွင် ငါသည်အသက်ရှင်၏။"

ထိုစကားသည် ဝမ်းနည်းသူအတွက်လုံလောက်ပေ၏။ သေခြင်းကိုကိုယ်တိုင်ရင်ဆိုင်ရသောအခါ ကောင်းကင်မျက်နှာကြက်ကိုပင် ပိတ်ထားသကဲ့သို့ဖြစ်သည်။ သို့ရာတွင် ခရစ်တော်သည် အသက်ရှင်သကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံးသည်ကြေကွဲခဲ့သော်လည်း ခရစ်တော်အသက်ရှင်သောကြောင့် သေခြင်းကိုရင်ဆိုင်နိုင်သည်။ ခရစ်တော်အားဖြင့် မျှော်လင့်ခြင်းကိုထားရှိက သေခြင်းတစ်ဖက်တွင်ဖြစ်ပျက်မည့်အရာများကို ယုံကြည်ခြင်းဖြင့်သိမြင်နိုင်သည်။ ခရစ်တော်သည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်သည်။ (ယောဟန် ၁၁:၂၅)။ ထိုသခင်သည် ကျွန်ုပ်တို့အားကတိပေးထားခဲ့သည်မှာ "ငါသည်အသက်ရှင်ခဲ့သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရလိမ့်မည်" (ယောဟန် ၁၄:၁၉)။ ခရစ်တော်သာလျှင် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းဖြစ်၍ သေခြင်းတစ်ဖက်ကမ်းရှိအရာများတို့ကို ယုံကြည်ခြင်းအားဖြင့်သိမြင်နားလည်နိုင်သည်။ ခရစ်တော်ကြွလာသောအခါ ကျွန်ုပ်တို့အားထာဝရအသက်ကိုပေးမည်။ ကျွန်ုပ်တို့သည် မည်သည့်အခါမျှသေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်အတွင်းလျှောက်သွားရမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထာဝရအသက်ရရှိမည်။ သေခြင်းနှင့်ရင်ဆိုင်ရသောအခါ ထိုကြီးကျယ်သောမျှော်လင့်ခြင်းကို နှစ်သက်မြတ်နိုးခြင်းဖြင့် ရင်ဆိုင်နိုင်ကြောင်းတွေ့ရှိပါသလား။ သင်သည် ခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ်လက်မခံသေးလျှင် ယခုလက်ခံပါ။

–၀–

## ရှာဖွေတွေ့ရှိခြင်း (၂၄) အဖြေလွှာ
## လူသည်သေသောအခါဘာဖြစ်သွားသနည်း

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁၊၂။ အသက်ဆိုသည်မှာအဘယ်နည်း။ (နှစ်ခုမှတ်သားထားပါ)

------ မြေကြီး၏မြေမှုန့် + ဇီဝအသက်။

------ အသက်ရှင်သောသတ္တဝါ။

------ မသေတတ်သောလူ၏ကိုယ်ကာယ။

၃။ ဘုရားသခင်ထံသို့ပြန်သောဝိညာဉ်သည် မည်သည့်အရာဖြစ်သနည်း။ (တစ်ခုမှတ်ပါ)

------ ဇီဝအသက်။ ------ ဝိညာဉ်။

သေသည့်အချိန်တွင် လူသည်မည်ကဲ့သို့ဖြစ်သနည်း။ (သုံးခုမှတ်ပါ)

------ သူ/သူမ၏ဇီဝအသက်သည် ဘုရားသခင်ထံသို့ပြန်သွားသည်။

------ သူ/သူမ၏ကိုယ်သည်ကောင်းကင်သို့သွား၏။

------ သူ/သူမ၏ကိုယ်သည်ဖုန်မှုန့်သို့ပြန်ရ၏။

------ သူ/သူမ၏သေခြင်းသည် မည်သည့်အရာကိုမျှမသိနားမလည်ပါ။

၄။ လူသည်သေသောအခါ မည်ကဲ့သို့ဖြစ်သနည်း။ (အသေကောင်)

------ ဘာမျှမသိပါ။

------ စိတ်ပျက်၍အထီးတည်းဖြစ်နေသတည်း။ (အကယ်၍အပြစ်သားဖြစ်နေလျှင်)

------ သန့်ရှင်းသောအသက်တာနေလျှင် ပျော်ရွှင်ဝမ်းမြောက်မည်။

------ ငြိမ်သက်သာယာစွာအိပ်စက်နားနေသည်။

၅။ မှန်သောစာကြောင်းရှေ့တွင်ကြက်ခြေခတ် **(X)** ပေးပါ။

------ ယုံကြည်သူအပေါင်းတို့အတွက် ခရစ်တော်သည်ထမြောက်ခြင်းနှင့်အသက်ရှင်ခြင်းအကြောင်းဖြစ်သည်။

------ ခရစ်တော်အသက်ပေးပိုင်ရှင်၏ခေါ်သံကို သေဆုံးသူတို့သည်သင်္ချိုင်းတွင်း၌နားထောင်လျက်ရှိသည်။

------ ခရစ်တော်ကြွလာသောအခါ အိပ်ပျော်လျက်ရှိသောလူသေတို့သည် ခရစ်တော်ထမြောက်စေမည်။

၆။ မှန်သောစာကြောင်းရှေ့တွင်ကြက်ခြေခတ် **(X)** ပေးပါ။

------ ယခုလူ၏အသက်တာတွင် ထာဝရအသက်ရှိသည်။ သေခြင်းသည်အစိုးမရပါ။

------ ဤမျက်မှောက်လူ၏အသက်တာတွင် သေခြင်းတရားရှိသည်။ လူသည်သေနိုင်သည်။

------ ခရစ်တော်ကြွလာသောအခါ ကယ်တင်ခြင်းခံရ၍ ထာဝရအသက်ရမည်။

၇။ ------ ကျမ်းစာ၏သတိပေးထားချက်အရ မန်းမှုတ်ခြင်းကို (သေသောသူနှင့်ဆက်သွယ်ခြင်း) တားမြစ်ထားသည်။

၈။ ------ ခရစ်တော်ကြွလာသောအခါ ထမြောက်ရှင်ပြန်မည်ဟုယုံကြည်သောမျှော်လင့်ခြင်းကြောင့် သေခြင်းကိုမကြောက်ရွံ့ဘဲရင်ဆိုင်နိုင်သည်။

------ ခရစ်တော်သာလျှင် သေခြင်း၏တစ်ဖက်၌ရှိသောအသက်ကိုရရန် မျှော်လင့်ခြင်းဖြစ်သည်။

**နှလုံးသားမေးခွန်း**

သင်သည် ခရစ်တော်ကယ်တင်ရှင်ကို သင်၏ကယ်တင်ရှင်အဖြစ် ရယူပြီလား။

-၀-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**--------------------------------

**လမ်းနှင့်အိမ်အမှတ်**------------------------

**မြို့**-----------------------------------

**နယ်**----------------------------------

**ကိုးကွယ်သည့်ဘာသာ**----------------------